ဦးဖော့လုံးတဲစုကျေးရွာ

ခရမ်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဦးဖော့လုံးတဲစုကျေးရွာ၊ ခရမ်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ဦးဖော့လုံးတဲစုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ခရမ်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၇၃
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာ သားများ ပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဦးဖော့လုံးတဲစုကျေးရွာ

ခရမ်းမြို့နယ်

ဦးဖော့လုံးတဲစုကျေးရွာပြမြေပုံ၊ခရမ်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာ ကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါ သည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွား

ရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဦးဖော့လုံးတဲစုကျေးရွာသည်ပင်လယ်ရေမျက်နှာပြင်အထက် (၁၂) ပေတွင်တည်ရှိပြီး၊ ကျေးရွာအုပ်စု၏အကျယ်အဝန်းမှာ (၆.၃)စတုရန်းမိုင်ဖြစ်ပြီး၊ အရှေ့မှအနောက်သို့ (၁.၇) မိုင်၊ တောင် မှ မြောက်သို့ (၁.၆) မိုင်ရှည်လျားသည်။ အရှေ့ဘက်တွင်ကရင်စုကျေးရွာအုပ်စု၊ အနောက်ဘက်တွင် (၁၁)ရပ်ကွက်၊ ဖားကူးကျေးရွာအုပ်စု၊ မြောက်ဘက်တွင် အရှေ့ခမက်ကျေးရွာတို့နှင့်ထိစပ်လျက် ရှိသည်။ ခရမ်းမြို့နှင့် (၃) မိုင်ခန့်သာကွာဝေးသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုဖြစ်ပြီး၊ မိုးရေချိန်အသင့်အတင့် ရရှိသော ဒေသဖြစ်သည်။ ဦးဖော့လုံးတဲစုကျေးရွာသည် ညီညာပြန့်ပြူးသော မြေပြင်လွင်ပြင်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေသည်။

(ခ) သဘာဝအရင်းအမြစ်များ

ရေရှိသည့်နေရာအမျိုးအစားမှာ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေလယ်မြေ ဧကပေါင်း(၆၅၀)ဧကအား (၇၇)အိမ်ထောင်စုက ပိုင်ဆိုင်ကြသည်။ နောက်ထပ်တိုးချဲ့ စိုက်ပျိုးရန် မြေနေရာမရှိ တော့ပေ။ စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲ များအဓိကစိုက်ပျိုးကြပြီး၊ ထွက်ရှိသော ကောက်ရိုးများအားလည်း တိရိစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြပေသည်။ လယ်ယာမြေများမှာလည်း အသင့်အတင့် ကောင်းမွန်မှုရှိပြီး၊ သီးထပ်အဖြစ် စိုက်ပျိုးနိုင်ကြသည်။ ချောင်းအနည်းငယ်ရှိပြီး၊ မိုးရာသီ၌ စစ်တောင်းမြစ်ရေတက်လာပြီး၊ ရေလမ်းခရီးအသုံးပြုနိုင်ကြသည်။ သို့သော် မိုးရေဖြင့်သာ အဓိကစိုက်ပျိုးကြပြီး ချောင်းရေကိုအားထားအသုံးပြုခြင်းမရှိပေ။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စု(၂၀၈)ရှိပြီး လူဦးရေစုစုပေါင်း(၈၈၀)ဦးရှိပါသည်။ ပျမ်းမျှ မိသားစုတစ်စုလျှင်(၄)ဦးနှုန်း နေထိုင်ကြပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၆၄% ရှိပြီး လူဦးရေစုစုပေါင်း၏ ၃၆ %သည် မှီခိုသူများ ဖြစ်ကြသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လယ်ယာမြေပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ(၃၇%)သာရှိကြပြီး (၆၃%)ရှိသော လယ်ယာမဲ့များမှ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လယ်ပိုင်ရှင်များထံ လုပ်ကိုင်နေကြရသည်။ လယ်ယာမဲ့အိမ်ထောင်စုအများစုက လုပ်အားကိုလယ်ပိုင်ရှင်များထံကြိုရောင်းပြီး ငွေထုတ်ယူစားသုံးသည့် အလေ့အထ ရှိသည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဆင်ပြေသော အိမ်ထောင်စုများသည် ဧက(၂၀) အထက်ပိုင်ဆိုင်ကြောင်း တွေ့ရှိရပြီး အလယ်အလတ်အိမ်ထောင်စုများသည် (၁၀-၁၉)ဧကကြား ပိုင်ဆိုင်ကြသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် (၁-၉) ဧကကြားပိုင်ဆိုင်ကြပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာ ပိုင်ဆိုင်မှုလုံးဝမရှိကြောင်း သိရှိရသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် ခြွေလှေ့စက်၊ ထွန်စက် နှင့်ထော်လာဂျီတို့ ပိုင်ဆိုင်ထားကြောင်း သိရှိရသည်။ ၎င်းအပြင် နွားနှင့်ဆိတ်တို့အား အဆင်ပြေသော အိမ်ထောင်စုများမှ ပိုမိုပိုင်ဆိုင် ထားကြောင်း သိရသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် ကား၊ ထော်လာဂျိနှင့် မီတာခွက် များပိုင်ဆိုင်ထားကြောင်းလည်း တွေ့ရှိရသည်။ အဆင်ပြေသော အိမ်ထောင်စုရာခိုင်နှုန်း (၇%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၁%)၊ ဆင်းရဲသောအိမ်ထောင်စု (၆၀%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု (၂၂%) အသီးသီးရှိကြောင်း သိရှိရသည်။ ဆင်းရဲသောအိမ်ထောင်စုနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် ဆန်စပါးကိုလည်း မသိုလှောင်နိုင်သည့်အပြင် အကြွေးများသောအိမ်ထောင်စုများ ဖြစ်သည်။ တိရိစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်၍ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ် အဆင်ပြေသောအိမ်ထောင်စုများသည် အကောင်ရေအများကြီး ပိုင်ဆိုင်ပေသော်လည်း ဆင်းရဲသော အိမ်ထောင်စုနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် အနည်းငယ်သာပိုင်ဆိုင်ပြီး တပိုင်တနိုင်သာ မွေးမြူကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် များသောအားဖြင့် ကိုယ်ပိုင်အိမ်နှင့်ခြံမရှိဘဲ မိဘခြံဝင်းထဲတွင် ကပ်နေသူများ များသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၆၀)ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြပြီး (၂၂) ရာခိုင်နှုန်းခန့်မှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေးပြေလည်မှုမရှိကြပေ။ ဆင်းရဲသောအမျိုးသမီး ဦးဆောင်အိမ်ထောင်စု(၂)စုရှိကြောင်း တွေ့ရှိရသည်။ မိသားစုစောင့်ရှောက်မှုမရှိသောအသက်(၆၀)နှင့် အထက် ကျား(၃)ဦးနှင့်မ(၁)ဦး၊ စုစုပေါင်း(၄)ဦးရှိပါသည်။ မသန်စွမ်းသည့် ပုဂ္ဂိုလ်မ(၃) ဦးရှိပြီး၊ ၎င်းတို့အားလုံးမှာ ထိခိုက်နစ်နာလွယ်သောသူများဖြစ်ကြသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးလက်ကျန်းမာရေးဌာနတစ်ခု ကျေးရွာတွင်တည်ရှိပြီး သားဖွားဆရာမတစ်ဦး ကျေးရွာတွင် ရှိပြီး၊ အဖြစ်များသောရောဂါမှာ တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ တို့ဖြစ်ကြသည်။ ယင်လုံအိမ်သာ သုံးစွဲမှုနှင့်ပတ်သက်၍ အိမ်တိုင်းနီးနီး သုံးစွဲကြကြောင်းအား ကျေးရွာ အခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ သိရှိရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပညာရေးနှင့်ပတ်သတ်ပြီး လုံးဝကျောင်းမနေသူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၄%) သာ ရှိသည်ကိုတွေ့ရသဖြင့် ပညာရေကိုအလေးထားသည်ဟု ကောက်ချက်ဆွဲနိုင်သည်။ ကျေးရွာတွင် မူလတန်းကျောင်း တစ်ခုတည်ရှိသည်။ မူလတန်းပြီးစီးမှုနှုန်း(၄၉%)၊ အလယ်တန်းပြီးစီးမှုနှုန်း (၂၁%)၊ အထက်တန်းပြီးစီးမှုနှုန်း (၈%)၊ တက္ကသိုလ်ပညာပြီးစီးနှုန်း(၃%)အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ လုပ်ငန်းများတွင် ကျွမ်းကျင်မှုများ အသီးသီး ရှိကြပြီး ထုတ်ကုန်လုပ်ငန်းဖြစ်သော ဝါးနှင့်ပတ်သက်သည့် ကုန်ချောများထုတ်လုပ်မှုတွင်လည်း အိမ်ထောင်စုအချို့မှ ကျွမ်းကျင်မှု ရှိကြပေသည်။

(စ) ကျားမဆိုင်ရာဆက်သွယ်မှု

အမျိုးသမီးနှင့်အမျိုးသားများသည် လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်း ပါဝင် လုပ်ကိုင်ကြသည်။ အမျိုးသမီးအဖွဲ့များရှိပြီး ဝတ်ရွတ်ခြင်း၊ အလှူအတန်းများတွင် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြသည်။ အမျိုးသမီးကောက်စိုက်အဖွဲ့များလည်းရှိပြီး စပါးစိုက်ပျိုးခြင်းများတွင် နေ့စား အလုပ်သမားအဖြစ် လုပ်ကိုင်မှုရှိကြသည်။ အမျိုးသမီးနှင့် အမျိုးသားများ ခွဲခြားခြင်းမပြုလုပ်ဘဲ ကျေးရွာလုပ်ငန်းများတွင် ညီတူမျှတူ ပူးပေါင်းပါဝင်မှုရှိကြသည်။ အဓိကသီးနှံစိုက်ပျိုးမည့် သီးနှံနှင့် ပတ်သက်၍အတွေ့အကြုံရှိသော အမျိုးသားများမှ ဦးဆောင်ပြုလုပ်ကြသည်။ သို့သော် မိမိအမျိုးသမီးများ အား တိုင်ပင်ဆွေးနွေးပြီး လိုအပ်သောအကြံဉာဏ်များ ရယူလေ့ရှိသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းရှိ အဖွဲ့များမှာ ရပ်ရေးရွာရေးများတွင် စိတ်ဝင်စားစွာလုပ်ကိုင်ကြသော်လည်း၊ အချင်းချင်းအပြန်အလှန် ယုံကြည်မှုအားနည်းကြောင်း တွေ့ရှိရသည်။ ညှိနှိုင်းဆွေးနွေးမှုအားနည်းခြင်း၊

ပုဂ္ဂိုလ်ရေးအားပြိုင်မှုများခြင်းများ ကျေးရွာအတွင်း၌ တွေ့ရှိရသည်။ ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ ဖန်တီးပေးခြင်း၊ ခေါင်းဆောင်မှုသင်တန်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများ ကောင်းမွန်လာစေပြီး၊ ကျေးရွာဖွံ့ဖြိုးရေး အတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ စပါး၊မတ်ပဲနှင့်ပဲတီစိမ်းတို့အား အဓိက စိုက်ပျိုးထားကြောင်း သိရှိရသည်။ လယ်မြေဧက (၆၅၀) ကျော်ရှိပြီး၊ ပဲတီစိမ်းအား ဆောင်းသီးနှံ သီးထပ်အဖြစ် စိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။ မိုးရေဖြင့်အဓိကအားထား၍ စိုက်ပျိုးကြပြီး ကျန်ရှိသောအစိုဓာတ်ဖြင့် ဆောင်းသီးနှံအဖြစ် ပဲအားစိုက်ပျိုးကြသည်။ ထွန်စက်ကြီး(၂) စီး၊ ရိတ်သိမ်းခွေလှေ့စက် (၁)စီး၊ လက်တွန်းထွန်စက် (၅) စီး၊ ရိုးရိုးခွေလှေ့စက် (၁)စီးနှင့် ရေစုပ်စက် (၆) လုံးအသီးသီး ပိုင်ဆိုင်ကြောင်း တွေ့ရှိရသည်။ ကျွဲ၊ နွားတိရိစ္ဆာန်အသုံးပြုမှုလျော့နည်းလာပြီး၊ စက်ကိရိယာ အသုံးပြုမှု ပိုမို များပြားလာကြောင်းသိရသည်။ အဘယ်ကြောင့်ဆိုသော် လယ်ယာတွင် လုပ်ကိုင်သော အလုပ်သမား အင်အား လျော့နည်းလာခြင်းကြောင့် ဖြစ်သည်။ မိုးစပါးတစ်ဧကပျမ်းမျှ အထွက် (၅၀) တင်းခန့် ထွက်ရှိပြီး၊ မတ်ပဲ၊ ပဲတီစိမ်းတစ်ဧက (၁၂) တင်းခန့် ထွက်ရှိကြောင်း သိရှိရသည်။

ဓာတ်မြေဩဇာ၊မျိုးစေ့များ၊ ပိုးသတ်ဆေးများအား ခရမ်းမြို့မှ ရရှိနိုင်သည်။ ပဲစိုက်ပျိုးရာသီတွင် စိုက်ဆေးကုမ္ပဏီများမှ ကျေးရွာများအရောက် စိုက်ပျိုးရေး ဆေးများရောင်းချကြသည်။ ခရမ်းမြို့တွင် စိုက်ပျိုးရေးဆေးဆိုင်၊ ကုမ္ပဏီအရောင်းပြခန်းများရှိပြီး လိုအပ်ချိန်တိုင်း၊ စိုက်ပျိုးရေး နည်းပညာ၊ သွင်းအားစုများနှင့်ပတ်သက်၍ နည်းပညာသင်တန်းများ ပေးလျက်ရှိသည်။ ခရမ်းမြို့တွင် စိုက်ပျိုးရေးဆေးဆိုင်၊ ကုမ္ပဏီအရောင်းပြခန်းများရှိပြီး လိုအပ်ချိန်တိုင်း၊ စိုက်ပျိုးရေး နည်းပညာ၊ သွင်းအားစုများနှင့်ပတ်သက်၍ နည်းပညာ သင်တန်းများပေးလျက် ရှိသည်။ ကုန်သည်ပွဲစားများထံ၌လည်းကောင်း စပါးပွဲရုံ၊ ပဲပွဲရုံများ ခရမ်းမြို့ပေါ်တွင် ရှိကြသည်၊ အများစုသည် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကိုယ်တိုင်သွားရောက် ရောင်းချကြသည်။ မွေးမြူရေးနှင့်ပတ်သက်၍ နွားကိုလယ်ယာလုပ်ငန်းအတွက် အဓိကမွေးမြူကြပြီး ဆိတ်၊ ဝက်၊ ဘဲနှင့်ကြက်တို့အား တစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူကြသည်။ တိရိစ္ဆာန်အတွက် လိုအပ်သောအစားအစာ၊ ဆေးဝါးများအား ခရမ်းမြို့မှရရှိနိုင်သည်။ တောင်သူလယ်သမားများသည် လွန်ခဲ့သောသုံးနှစ်ခန့်မှစပြီး ကျွဲနွားများမွေးမြူမှုကို စွန့်လွှတ်လာကြပြီး ခေတ်မီစက်ကိရိယာများဖြင့် အစားထိုးလုပ်ကိုင်လာကြသဖြင့် မွေးမြူရေးကို တစ်ပိုင်တစ်နိုင်သာ မွေးမြူလာကြသည်။ မွေးမြူရေးကို ဦးစားပေးလုပ်ကိုင်မှုနည်းပါးလာသည်ကို တွေ့ရသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

ကုန်သည်ပွဲစား၊ ကုန်စုံဆိုင်၊ အိမ်ဈေးဆိုင်နှင့်စိုက်ပျိုးရေးဆေး များရောင်းချကြပြီး၊ အသင့်အတင့် အဆင်ပြေမှုရှိကြသည်။ ခရမ်းမြို့နှင့် (၃) မိုင်သာကွာဝေးပြီး၊ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်သောကြောင့် အခြားလုပ်ငန်းများလည်း ရန်ကုန်နှင့်ခရမ်းမြို့ပေါ်တွင် သွားရောက် လုပ်ကိုင်ကြသည်။ ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ ဝါးနှင့်ပတ်သတ်သော လက်မှုလုပ်ငန်းများလုပ်ကိုင်ကြပြီး တွက်ခြေကိုက်မှုအသင့်အတင့် အဆင်ပြေမှုရှိသည်။ ခရမ်းမြို့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

ဓါတ်မြေဩဇာအသုံးများပြီး ဓါတုဆေးများအပေါ် မှီခိုလွန်းခြင်းကြောင့် မြေဆီလွှာ အရည်အသွေးများ ယိုယွင်းပျက်စီးလာခြင်းများ ကြုံတွေ့ရသည်။ သို့သော် မြေဆီလွှာထိန်းသိမ်းမှု အနည်းငယ် ပြုလုပ်လာကြသည်။ စပါးနှင့်ပဲသီးလှည့်စိုက်ပျိုးခြင်းဖြင့်လည်း မြေဆီလွှာထိန်းသိမ်းပြီးသား ဖြစ်သည်။ ပိုးသတ်ဆေးသုံးစွဲမှု ပိုးများလာခြင်းကြောင့် ဖျက်ပိုးများဆေးရင်ပါးလာပြီး၊ ပိုးကျရောက်မှု ပိုမိုများပြားလာကြောင်းတွေ့ရသည်။ လျှပ်စစ်ဖြင့်ရော့တိုက်ငါးဖမ်းခြင်းများ၊ ဓါတုပိုးသတ်ဆေး အလွန်အကျွံသုံးစွဲလာခြင်းများကြောင့် ငါးမျိုးများရှားပါးလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အားနည်းချက်များရှိပြီး ပလတ်စတစ်အိတ်ခွံ၊ ဗူးခွံများစည်းမဲ့ကမ်းမဲ့ စွန့်ပစ်နေခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ရေနေသတ္တဝါများ ထိခိုက်ဆုံးရှုံးရသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

ချေးငွေထုတ်ချေးသောအဖွဲ့(ဘဏ်)နှင့်ပတ်သက်၍ ခရမ်းမြို့တွင် စိုက်ပျိုးရေးဘဏ်မှ လယ်စပါးစိုက်ပျိုးရန်ချေးငွေထုတ်ချေးပေးပြီး တစ်ဧကတစ်သိန်းနှုန်းဖြင့် (၁၀)ဧက အထိသာ ထုတ်ချေးကြသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံမှလည်းကောင်း၊ ငွေချေးပေးသူများထံမှ လုပ်ငန်းကြိုတင်ငွေထုတ်ပေးခြင်းဖြင့်လည်းကောင်း လက်လှမ်းမှီမှုများ ရှိကြသည်။ သို့သော် ချေးငွေများမှာ အကန့်အသတ်နှင့်သာဖြစ်ပြီး၊ အခြား မွေးမြူရေးချေးငွေ ထုတ်ချေးသောအဖွဲ့များ မရှိပေ။ ပြင်ပမှချေးသော ငွေများမှာ အတိုးနှုန်းမြင့်မားပြီး ယုံကြည်သူများကိုသာ ထုတ်ချေးလေ့ရှိကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းတစ်ခု ရှိပါသည်။ စာသင်ကျောင်းအရွယ်အစားမှာ အလျားဖ၀ပေ၊ အနံ၃၀ပေနှင့် အမြင့်၁၅ပေ ရှိပြီး၊စုစုပေါင်း (၃) ဆောင်ရှိပါသည်။ စာသင်ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂအချို့မှာ ဟောင်းနွမ်းနေပြီး အနည်းငယ်လုံလောက်မှုမရှိပါ။ ကျေးရွာအတွင်း၌သာ တည်ရှိပြီး ခြေလျင်၊စက်ဘီး၊မော်တော်ဆိုင်ကယ်များဖြင့် ကျောင်းတက်ကြသည်။ ကျောင်းဆရာ/မများ(၄)ဦးရှိသည်။

အစိုးရမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့ပေးသောကြောင့် ဆင်းရဲနွမ်းပါးသော ကျောင်းသားများ ကျောင်းတတ်လာနိုင်ကြသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသောရောဂါမှာ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးနှင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပြီး ခရမ်းပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောကုသမှုများ ပြုလုပ်နိုင်ကြသည်။ ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ၊ ခရမ်းပြည်သူ့ဆေးရုံတွင် ပြည့်စုံလုံလောက်မှုရှိပြီး (၂၄) နာရီဝန်ဆောင်မှုများ ရရှိနိုင်ပေသည်။

သောက်သုံးရေရရှိမှုနှင့်ပတ်သက်၍ အဝီစီတွင်းနှင့် ကျေးရွာသောက်ရေကန်များမှ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိနိုင်ပေသည်။ အိမ်ထောင်စု(၄၀၄)စုမှ ယင်လုံအိမ်သာကိုသာ သုံးစွဲကြသဖြင့် ကျန်းမာရေးအသိပညာ ဗဟုသုတ အသင့်အတင့်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါအများအပြား မဖြစ်ပွားကြောင်း တွေ့ရှိရသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ဦးဖေါ်လုံးတဲစုလူငယ်အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အဓိကလုပ်ဆောင်ပြီး ရာသီအလိုက် ရွာတွင်းပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ရွာတွင်းလမ်း၊ အိမ်ကြိုအိမ်ကြားလမ်းများပြုပြင်ခြင်း၊ အရေးပေါ်လူနာရှိပါက ကူညီသည့်လုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ဒေသပွဲများကို ဦးဆောင်ပြီးလုပ်၊ မျိုးဆက်သစ်များ စာပေနှင့် ယဉ်ကျေးမှုတတ်မြောက်ရေးအတွက် အချိန်ခါနှင့်သင့်လျော်စွာ စီစဉ်ဆောင်ရွက်လေ့ရှိသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်းရှိ လမ်းမှာ၂ပေအကျယ် ကွန်ကရစ်လမ်းခင်းထားသော်လည်း တစ်ရွာလုံးအတွက် လုံလောက်ပေ။ စိုက်ပျိုးကုန်ထုတ်လမ်းမှာ မိုးတွင်း၌သွားလာရခက်ခဲပြီး သယ်ယူပို့ဆောင်ရန် အခက်အခဲဖြစ်စေပေသည်။ ချဉ်းကပ်လမ်းမှာ ပေ(၃၅၀၀) ရှည်လျားပြီး ၂ ပေ အကျယ်ခန့် ကွန်ကရစ်လမ်းတစ်ခုခင်းထားကြောင်း တွေ့ရသည်။ ခရမ်းမြို့နှင့်(၃)မိုင်ခန့်သာကွာဝေးပြီး အချိန်မရွေးသွားလာနိုင်မှုသည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လွန်စွာအထောက်အကူဖြစ်စေသည်။ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ စက်လေှ၊ မော်တော်ဆိုင်ကယ်ဖြင့် သွားလာကြပြီး သုံးဘီးထော်လာဂျီ၊ လိုက်ထရပ်ကားများဖြင့် ကုန်သယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်နိုင်ကြသည်။ မဟာဓာတ်အားလိုင်းနှင့်နီးစပ်မှုရှိပြီး အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်မှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဓာတ်အားသွယ်တန်း အသုံးပြုကြကြောင်း တွေ့ရှိရသည်။ အဆင်မပြေသော အိမ်ထောင်စုများမှာ ဆိုလာစနစ်ကိုသာ အားထားအသုံးပြုကြပြီး ဒီဇယ်အင်ဂျင်ဖြင့်လည်း ရံဖန်ရံခါအသုံးပြုမှုရှိကြောင်း တွေ့ရသည်။ တစ်ရွာလုံးလျှပ်စစ်မီးရရှိလာနိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်နေဆဲဖြစ်သည်။ မဟာဓာတ်အားလိုင်းက ကျေးရွာကို ဖြတ်သွားသဖြင့် အလွယ်တကူသွယ်ယူနိုင်ပြီး သွယ်ယူပြီးသောအိမ်ထောင်စုများလည်း ရှိနေသည်။

လျှပ်စစ်မီးသွယ်ယူရန် အနည်းဆုံးကျပ်(၄၀၀၀၀၀)ခန့်ကုန်ကျသဖြင့် တစ်ရွာလုံးမသွယ်ယူနိုင်သေးပေ။ သတင်း၊ ဆက်သွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်မှု အလွန်ရှိပြီး၊ အိမ်တိုင်းနီးနီး ဖုန်းအသုံးပြုနိုင်ကြသည်။ မြန်မာ့ဆက်သွယ်ရေးလိုင်းနှင့် အော်ရီဒူးတယ်လီဖုန်းလိုင်းများအား လက်လှမ်းမှီစွာ အသုံးပြုနိုင်ကြသည်။ တယ်လီဖုန်း အလုံးရေ (၁၃၉) ကျော်ရှိပြီး ဆက်သွယ်ရေး လွန်စွာကောင်းမွန်မှုရှိကြောင်း သိရှိရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

မှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များမရှိဘဲ ငြိမ်းချမ်းစွာနေထိုင်ကြောင်း တွေ့ရှိရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော်လည်း လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များမရှိပါ။ သာမာန်ခိုက်ရန်ဖြစ်ပွားမှု၊ ကြက်ခိုးမှုများသာဖြစ်ပွားလေ့ရှိပြီး ကျေးရွာအုပ်စုအတွင်း၌သာ ကိုင်တွယ်ဖြေရှင်းနိုင်ကြသည်။ လိုအပ်က ခရမ်းမြို့နယ်ရဲစခန်းမှ လုံခြုံရေးအကူအညီများ ရရှိနိုင်ပေသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးရေဖြင့်အဓိကစိုက်ပျိုးကြပြီး စုစုပေါင်းလယ်မြေဧကပေါင်း(၆၅၆)ဧကအား (၇၇)အိမ်ထောင်စုက ပိုင်ဆိုင်ကြသည်။ မြေဆီလွှာကောင်းမွန်သောကြောင့် မိုးစပါးနှင့်ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းတို့အား သီးထပ်အဖြစ် အဓိကစိုက်ပျိုးကြသည်။ သီးထပ်စိုက်ပျိုးနိုင်ပြီး ပဲဈေးကောင်းက တောင်သူများ ဝင်ငွေရရှိမှုမြင့်မားပြီး အမြတ်အစွန်းပိုမိုရရှိကြသည်။ ဦးဖော့လုံးတဲစုကျေးရွာတွင် ထွန်စက် ၂စီး၊ လက်တွန်းထွန်စက် ၅ စီးရေစုပ်စက်၆ လုံး၊ရိတ်သိမ်းစက် ၁ လုံးနှင့် စုပေါင်းရိတ်သိမ်းစက် ၁ လုံးတို့ ပိုင်ဆိုင်ကြကြောင်း သိရှိရသည်။ ၎င်းလယ်ယာသုံးစက်ကိရိယာများရှိခြင်းသည်လည်း လယ်ယာလုပ်ငန်း လုပ် ကိုင်ရန် အလို့ငှာများစွာ အထောက်အကူပြုနေပေသည်။ စိုက်ပျိုးရေးသွင်းအားစုနှင့်ပတ်သက်၍ စိုက်ပျိုးရေးပိုးသတ်ဆေးများအား ဆောင်းသီးနှံတွင် လွန်စွာသုံးစွဲကြကြောင်းသိရှိရသည်။ စိုက်ပျိုးရေးကုမ္ပဏီများအများအပြားရှိကြပြီး အပြိုင်အဆိုင်ရောင်းချကြခြင်းကြောင့် တောင်သူများကြိုက်နှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်ကြသည်။ စိုက်ပျိုးရေးဆေးဆိုင်များ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် စိုက်ပျိုးရေးဌာနများမှ ပိုးမွှားရောဂါကာကွယ်နှိမ်နှင်းနည်းနှင့်ပတ်သက်သော သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စံပြစိုက်ကွက်များ ပြုလုပ်ခြင်းဖြင့် နည်းပညာ ဝန်ဆောင်မှုများပေးသည်။

ပွဲစားများမှတဆင့်သော်လည်းကောင်း၊ ကိုယ်တိုင်ခရမ်းမြို့သို့ တက်ရောက်ရောင်းချခြင်း။ ပဲပွဲရုံ၊ စပါးပွဲရုံများ ခရမ်းမြို့တွင်ရှိ၍ ကုန်သွယ်မှု အားကောင်းသည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် သမအဖွဲ့မှ ရရှိနိုင်သော်လည်း ကန့်သတ်မှုရှိသည်။ တစ်ဧကလျှင် တစ်သိန်းချေးပေးပြီး၊ အများဆုံးမှာ ၁၀ ဧက အထိသာ ထုတ်ချေးပေးသည်။ နွားနှင့် ဆိတ်ကို အဓိကမွေးမြူကြပြီး ဝက်၊ ကြက်နှင့် ဘဲတို့အား တစ်ပိုင်တစ်နိုင်မွေးမြူရေးအနေဖြင့် မွေးမြူ ကြသည်။ အဓိကအားဖြင့် မိုးရေနှင့်ကန်ရေများကို အသုံးပြုနိုင်ကြသည်။ ထုတ်လုပ်ရောင်းချမှုနှင့်ပတ်သက်၍ အနီးအနားရှိရွာများနှင့် ခရမ်းမြို့များသို့ တိုက်ရိုက်ရောင်းချနိုင်သည်။ တိရိစ္ဆာန်အတွက် လိုအပ်သော အစားအစာနှင့် ဆေးပစ္စည်းများ ခရမ်းမြို့မှ ရရှိနိုင်သည်။ခရမ်းမြို့ရှိ တိမွေး/ကုဋ္ဌါနမှ ရံဖန်ရံခါ တိရိစ္ဆာန်ကာကွယ်မှု ပညာပေးများပြုလုပ်သည်။ ငှက်ပျောသီးအနည်းငယ်ပေါများသော ဒေသဖြစ်၍ ငှက်ပျောကြော် လုပ်ငန်းများလုပ်ကိုင်နိုင်ကြပြီး ရန်ကုန်မြို့နှင့်ခရမ်းမြို့များတွင် တိုက်ရိုက်ရောင်းချနိုင်သည်။ ၎င်းအပြင် ခရမ်းမြို့နှင့် ၃ မိုင်သာကွာဝေးပြီး၊ အခြားအရောင်းအဝယ် လုပ်ငန်းများလည်း လုပ်ကိုင်နိုင်သည်။ ယာဉ်အမျိုးမျိုး (ကား၊ ဆိုင်ကယ်၊ သုံးဘီး)များဖြင့် အချိန်မရွေး သွားလာနိုင်ကြသည်။ ထုတ်ကုန်ရောင်းဝယ်မှုအတွက် လွန်စွာကောင်းမွန်ပြီး အခက်အခဲလုံးဝမရှိပေ။ မည်သည့်စီးပွားရေး မဆို လုပ်ကိုင် မည်ဆိုပါကလမ်းတံတားတည်ရှိမှုမှာ အားသာသော အနေအထားတွင် တည်ရှိပေသည်။ ခရမ်းမြို့ နှင့်၃မိုင်သာကွာဝေးပြီး ကျန်းမာရေးနှင့်ပတ်သက်၍ ခရမ်းပြည့်သူဆေးရုံကြီးနှင့် လက်လှမ်းမှီမှုရှိသည်။ ၂၄နာရီပတ်လုံးသွားလာနိုင်ပြီး လိုအပ်သောဆေးများအားလုံး ခရမ်းမြို့တွင်ဝယ်ယူနိုင်သည်။ တစ်ရွာလုံး ကျန်းမာရေးဗဟုသုတရှိပြီး အိမ်တိုင်း ယင်လုံအိမ်သာ အသုံးပြုကြသည်။ ဦးဖေါ်လုံးတဲစု လူငယ်အဖွဲ့များသည် ကျေးရွာဖွဲ့ဖြိုးရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ဖွဲ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိက လုပ်ဆောင်ပြီးရာသီအလိုက ရွာတွင်းပတ်ပန်းကျင်သန့်ရှင်းရေး၊ ရွာတွင်းလမ်း၊ အိမ်ကြိုအိမ်ကြားလမ်းများ ပြုပြင်ခြင်း၊ အရေးပေါ်လူနာရှိပါက ကူညီသည့်လုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ဒေသပွဲများကို ဦးဆောင်ပြီးလုပ်၊ မျိုးဆက်သစ်များစာပေနှင့် ယဉ်ကျေးမှုတတ်မြောက်ရေးအတွက် အချိန်ခါနှင့်သင့်လျော်စွာ စီစဉ်ဆောင်ရွက်လေ့ရှိသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဟန့်အတားများစွာ မတွေ့ရှိပေ။ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ၁၀ဧက အထိသာ ချေးငွေထုတ်ချေးပေးသောကြောင့် ဧကများသောသူများအတွက် ချေးငွေအကန့်အသတ်ရှိနေပေသည်။ ကျွမ်းကျင်လုပ်သားများသည် လုပ်အားခပိုများသော အခြား လုပ်ငန်းများသို့ ပြောင်းရွှေ့သွားကြသည်။

မွေးမြူရေးအတွက် လုံလောက်သောချေးငွေများရရှိရန် အခက်အခဲရှိပါသည်။ အစိုးရဌာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ မွေးမြူရေးဆိုင်ရာချေးငွေများ မရရှိကြပေ။ ရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ အနည်းငယ်သာကျရောက်လေ့ရှိပြီး အလွန်အမင်းကျရောက်မှုမရှိကြပေ။ မိုးရာသီနှင့် ဆောင်းရာသီ

များတွင်သာ သောက်ရေလုံလောက်မှုရှိပြီး၊ နွေရာသီတွင်လုံလောက်မှုမရှိကြောင်း တွေ့ရှိရသည်။ သောက်ရေကန်ထပ်မံတူးဖော်က တစ်နှစ်ပတ်လုံးဖူလုံနိုင်ပြီး၊ အခြားနေရာများသို့ သွားရောက်ခပ်ယူရန် မလိုအပ်တော့ပေ။ တစ်ရွာလုံး လျှပ်စစ်မီးရရှိလာနိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်နေဆဲဖြစ်သည်။ မဟာဓာတ်အားလိုင်းကကျေးရွာကို ဖြတ်သွားသဖြင့် အလွယ်တကူသွယ်ယူနိုင်ပြီး သွယ်ယူပြီးသော အိမ်ထောင်စုများလည်း ရှိနေသည်။ ယခုအချိန်တွင် ဆိုလာလျှပ်စစ်မီးကိုသာ အသုံးပြုနေကြရသဖြင့် အခြားအသေးစားလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အဟန့်အတားသဖွယ်ဖြစ်နေပေသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများ ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့် တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင်(၃)ခုကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။ ၎င်းတို့မှာ -

က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေရရှိမှုနှင့်အသက်မွေးဝမ်းလုပ်ငန်းများ တိုးမြင့်လုပ်ကိုင်လာနိုင်ရ မည်။

ခ) ကျွန်ုပ်တို့ရွာလူထုသည် တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာ ရရှိလာနိုင်စေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိလာနိုင်စေရမည်။

(ခ)နည်းဗျူဟာ

ကျွန်တော်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍများလက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့်မတူပီမြို့နယ် နှင့်ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန်လိုပါသည်။

(က) တစ်နှစ်ပတ်လုံးသီးနှံစိုက်ပျိုး မထုတ်လုပ်နိုင်သော်လည်း၊ ပဲအဓိကစိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုရရှိနိုင်ပါသည်။ သို့သော် သီးနှံပိုမိုထွက်ရန် တောင်သူများအား စိုက်ပျိုးရေး အသိပညာပေးခြင်းနှင့် သဘာဝမြေဩဇာသုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများ၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာအစီအစဉ်များ၊ စုပေါင်းရောင်းချ/ဝယ်ခြင်းများ အပါအဝင်နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။ ထွက်ရှိသော သီးနှံများအား ပြည်တွင်းပြည်ပမှ ကုန်သည်ပွဲစားများနှင့်ချိတ်ဆက်ပြီး ဈေးကောင်းရရှိရန် လုပ်ဆောင်ခြင်းသည်လည်း အရေးကြီးသော လုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။

(ခ) လယ်မဲ့ယာမဲ့နှင့်လယ်ယာမြေအနည်းငယ်ပိုင်ဆိုင်သူများကို အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေး အားပေးဆောင်ရွက်မည်။ လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုများ ဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများစီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များစွန့်ထွင်လုပ်ကိုင်ရေး၊ တစ်နိုင်တပိုင်ကျေးလက်ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာပြီး အနီးအနား တဝိုက်ဈေးများတွင် ထုတ်ကုန်များရောင်းချရေးတို့ကို လုပ်ရပါမည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် ချေးငွေများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သောဘဏ်လုပ်ငန်းများ လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသောဘဏ်များနှင့် ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြုပ်နှံငွေပိုအားကောင်းလာမည် ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက်မှလည်း ဘဏ်နှင့်ငွေကြေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှ ဆွေးနွေးညှိနှိုင်းတောင်းဆိုမှုများလုပ်ရန် လိုအပ်သည်။ သို့မှသာ ကျေးလက်ဒေသနေပြည်သူများထံသို့ ငွေကြေးဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(ဃ) ကျေးရွာ၏သောက်သုံးရေလုံလောက်ရေးနှင့် လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်ရေးသည်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေသည်။ နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုများကြောင့် အနီးအနားရှိကျေးရွာများမှ သွားရောက်ခပ်ယူရပြီး ဖြေရှင်းကြသည်။ ထို့ကြောင့် သောက်သုံးရေလုံလောက်စေရန်အလို့ငှာ စက်ရေတွင်းတူးပြီး၊ ရေကန်ထဲတွင်ထည့်သွင်း သိုလှောင်ခြင်းဖြင့် နွေရာသီတွင် ရေလုံလောက်မှုရှိနိုင်စေမည် ဖြစ်သည်။ အဆင်ပြေသော အိမ်ထောင်စုများသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိကြသော်လည်း ဆင်းရဲသောအိမ်ထောင်စု

များတွင် လျှပ်စစ် မီးသွယ်ယူရန် အခက်အခဲရှိကြသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးရွာလုံးကျွတ်မီးလင်းနိုင်ရေးသည်လည်း အရေးကြီးသောလုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများအတွက်လည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရ ဌာနများနှင့် ပြင်ပအဖွဲ့များ၏ အကူအညီဖြင့် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာတွင် အသေးစားလုပ်ငန်းများလုပ်ကိုင်လာနိုင်စေပြီး စီးပွားရေး လုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည် ဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

(ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများအား ဖြန့်ဖြူးပေးနိုင်ရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆေးကုမ္ပဏီများနှင့် နည်းပညာနှင့်ဆေးများ ဖြန့်ဖြူးပေးလျက်ရှိပြီး လိုအပ်သော အချိန်တိုင်း လက်လှမ်းမှီမှုရှိကြသည်။ ထွက်ရှိသောသီးနှံ (စပါးနှင့်ပဲအမျိုးမျိုး) များအား ခရမ်းမြို့ရှိ သီးနှံပွဲရုံများတွင် လွတ်လပ်စွာရောင်းချနိုင်ကြသည်။ သို့သော် ဈေးကွက်နှင့်ပတ်သက်၍ တည်ငြိမ်မှု အားနည်းပြီး တစ်ချို့နှစ်များတွင် ပြည်ပတင်ပို့ရောင်းချ ခွင့်နည်းသောကြောင့် သီးနှံဈေးများကျဆင်းပြီး တောင်သူများ အရှုံးနှင့်ရင်ဆိုင်ကြသည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာနများမှ ဈေးနှုန်းနှင့်ပတ်သက်သော ဥပဒေများပြဋ္ဌာန်းပြီး၊ သီးနှံဈေးနှုန်းများအား အာမခံချက်ပေးခြင်းများဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဆောင်

ရွက်သင့်ပေသည်။ စပါးနှင့်ပဲအမျိုးမျိုးနှင့်သက်ဆိုင်သော မျိုးကောင်းမျိုးသန့်ရန်ရေးသည်လည်း သီးနှံအထွက်တိုးရေးအတွက် လွန်စွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။ ရှိရင်းစွဲမျိုးများအား နှစ်စဉ်ဆက်တိုက်သုံးစွဲလာခြင်း၊ ပိုးသတ်ဆေးများအားအလွန်အကျွံသုံးစွဲ လာခြင်း များကြောင့် ဖျက်ပိုးများဆိုးရွားစွာကျရောက်ပြီး သီးနှံအထွက်နှုန်းအား ထိခိုက်နိုင်ပေမည်ဖြစ်သည်။ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နှင်းခြင်းနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနည်းပညာများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်လာပြီး၊ အမြတ်အစွန်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်

နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများဖွံ့ဖြိုးရန် လုပ်ဆောင်သင့်ပါသည်။ စျေးကွက်ဆိုင်ရာ သတင်းအချက်အလက်များအားလည်း ကျေးရွာများလက်လှမ်းမှီစွာရရှိရန် လုပ်ဆောင်ပေးသင့်ပါသည်။

(ဃ) ကျေးရွာမီးလင်းရေး

ကျေးရွာလုံးကျွတ်မီးလင်းရေးသည်လည်း ကျေးရွာသူ၊သားများ၏ အဓိကပန်းတိုင်တစ်ခုဖြစ်ပေသည်။ ကျေးရွာ၏လုပ်အား၊ငွေအားတို့ဖြင့် မတတ်နိုင်သောကြောင့် နိုင်ငံတော်အစိုးရ၊ ကျေးလက်ဦးစီးဌာန၊ လျှပ်စစ်ဌာန နှင့် ပြည်ထောင်စုအစိုးရမှ ကျေးရွာလျှပ်စစ်မီးရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာမီးလင်းလာနိုင်စေပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ဦးစားပေးစီမံချက်ဇယား

ဦးဖော့လုံးတဲစုကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးဖော့လုံးတဲစုကျေးရွာ ဦးစားပေးစီမံချက်ရွေးချယ်မှုပြုလုပ်ခြင်း

ကဏ္ဍ	○ စီမံချက်	ရမှတ်ပေါင်း	အဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ
စီမံအုပ်ချုပ် ရေး	❖ စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများ နားလည်လာနိုင်ရေး။	၆၂	၉	❖ အသင်းအဖွဲ့များစီမံ ခန့်ခွဲမှုဆိုင်ရာသ ဘောတ ရား သင်တန်း များပေး ခြင်း။ ❖ ခေါင်းဆောင်မှုသင် တန်း၊နှင့်ထိရောက် သောပူး ပေါင်း ပါဝင်မှု သင်တန်းများပေး ခြင်း။
စိုက်ပျိုးရေး။	❖ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် မျိုးစေ့ထုတ်လုပ်သောနည်းစနစ်များ ရရှိနိုင်စေရေး။	၆၃	၈	❖ ဒေသနှင့်ကိုက်ညီသောမျိုးကောင်း၊မျိုးသန့်ရရှိ ရန်လုပ် ဆောင် ရေး ❖ စိုက်ပျိုးနည်းပညာ သင်တန်းများပေး ခြင်း။
စိုက်ပျိုးမွေးမြူရေး မဟုတ်သော လုပ်ငန်း များ	❖ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များဖန်တီးပေးနိုင်ရေး။	၆၁	၁၀	❖ အိမ်တွင်းမှုသင်တန်း (အပ်ချုပ်၊ပန်းထိုး သင်တန်း)၊ ❖ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်နည်း (ဥပမာ-ငှက်ပျော ကြော်၊ နာနတ်ယိုထိုးနည်း၊)များရရှိရန် ဆောင်ရွက် ခြင်း။
မွေးမြူရေး	❖ မွေးမြူရေးဆိုင်ရာချေးငွေများ လက်လှမ်းမှီနိုင်ရေး။	၇၁	၇	❖ ကျွဲ၊နွား၊ဝက်၊မွေးမြူနိုင်ရေးနှင့်မွေးမြူရေးချေးငွေ များရရှိရန် လုပ်ဆောင်ခြင်း

ကဏ္ဍ	○ စီမံချက်	ရမှတ်ပေါင်း	အဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ
ပညာရေး	❖ ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး	၈၃	၄	❖ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ခြင်း။ (၆၀′×၃၀′×၁၂′) တစ်ဆောင်ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း။ ❖ စာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂများ ပြည့်ဝစွာ ရရှိနိုင်ရန် ဆောင် ရွက် ခြင်း။
လမ်းပမ်းဆက်သွယ်ရေး	❖ ကျေးရွာတွင်းလမ်းအဆင့်မြင့် ပြုပြင်ဖောက်လုပ်ရေး။	၁၀၀	၁	❖ လမ်းအရှည်(၂)မိုင်၊အကျယ်(၁၂)ပေ ကွန်ကရစ်လမ်းပြုလုပ်ခြင်း။
ကျန်းမာရေး	❖ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး။	၇၅	၆	❖ ကျန်းမာရေးဝန်ထမ်းချထားပေးရေး။ ❖ ကျေးလက်ကျန်းမာရေးဌါနခွဲရရှိရန် ဝိုင်းဝန်းဆောင်ရွက်ခြင်း။
လျှပ်စစ်မီး	❖ ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး	၉၉	၂	❖ ကျေးရွာတွင်လျှပ်စစ်ဓာတ်ကြိုးလိုင်းများသွယ်တန်းခြင်း ပြုလုပ်ဆောင်ရွက်ရန် ❖ မီတာဘောက်စ်များအား အရစ်ကျစနစ်ဖြင့် ကျေးရွာသူ/ သားများအတွက်အထူးဆောင်ရွက်ပေးရန်
သောက်သုံးရေ	❖ သောက်သုံးရေလုံလောက်စွာရရှိနိုင်စေရေး။	၉၁	၃	❖ သောက်သုံးရေအတွက်ရေကန်(၁.၅၀)ဧက တူးဖော် ဆောင်ရွက်ရေး။ ❖ သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် ခြံစည်းရိုးခတ်ခြင်း။
လူငယ်နှင့်ယဉ်ကျေးမှု	❖ လူငယ်များအသိပညာနှင့် စာပေဗဟုသုတတိုးတက်လာရေး။	၈၂	၅	❖ ကျေးရွာစာကြည့်တိုက်တစ်ခုတည်ဆောက်ရေး၊ ❖ ရသ၊သုတနှင့်နည်းပညာဂျာနယ်စာစောင်များ အပတ်စဉ်ရရှိစေရန်ပြုလုပ်ခြင်း။

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်များ(၁၈–၂၀၊ဇူလိုင်၊၂၀၁၅)

(ဃ) အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံချက်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

ဦးဖော့လုံးတဲစုကျေးရွာ၏ စီမံချက်အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာတွင်းလမ်းအဆင့်မြင့်ပြုပြင် ဖောက်လုပ်ရေး။	၁	√	√	√		
၂	ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေး	၂	√	√	√		
၃	သောက်သုံးရေလုံလောက်စွာ ရရှိနိုင်စေရေး။	၃	√	√	√		
၄	ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး	၄		√	√	√	
၅	လူငယ်များအသိပညာနှင့်စာပေဗဟုသုတတိုးတက်လာရေး။	၅	√	√	√	√	
၆	ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမှီရေး။	၆		√	√	√	
၇	မွေးမြူရေးဆိုင်ရာချေးငွေများ လက်လှမ်းမှီနိုင်ရေး။	၇		√	√	√	
၈	စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် မျိုးစေ့ ထုတ်လုပ်သော နည်းစနစ်များ ရရှိနိုင်စေရေး။	၈			√	√	
၉	စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများ နားလည်လာနိုင်ရေး။	၉		√	√	√	
၁၀	အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖန်တီးပေးနိုင်ရေး။	၁၀		√	√	√	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

ဦးဖော့လုံးတဲစုကျေးရွာ၏ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	ရံပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			စွမ်းရည်မြှင့်တင်ခြင်း	ရင်းနှီးမြှုပ်နှံခြင်း	စီးပွါးရေးရင်းနှီးမြှုပ်နှံမှု	အရေးပေါ်အထောက်အပံ့
၁	ကျေးရွာတွင်းလမ်းအဆင့်မြင့် ပြုပြင်ဖောက်လုပ်ရေး။			√		
၂	ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး			√		
၃	သောက်သုံးရေလုံလောက်စွာရရှိနိုင်စေရေး။			√		
၄	ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး			√		
၅	လူငယ်များအသိပညာနှင့်စာပေဗဟုသုတတိုးတက်လာရေး။		√			
၆	ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး။			√		
၇	မွေးမြူရေးဆိုင်ရာချေးငွေများလက်လှမ်းမှီနိုင်ရေး။			√		
၈	စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့်မျိုးစေ့ထုတ်လုပ်သောနည်းစနစ်များရရှိနိုင်စေရေး။		√	√		
၉	စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။		√			
၁၀	အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖန်တီးပေးနိုင်ရေး။			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ

ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ် ငန်းများကို ကြီကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော် သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ

ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၈	၉	၁၇	၂%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၃၈	၂၉	၆၇	၇.၆%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၆	၃၄	၆၀	၆.၈%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၄	၄၁	၈၅	၉.၇%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၆၈	၂၉၇	၅၆၅	၆၄.၁%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀နှစ်နှင့်အထက်	၄၁	၄၅	၈၆	၉.၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၄၂၅**	**၄၅၅**	**၈၈၀**	**၁၀၀%**	
စုစုပေါင်းအိမ်ထောင်စု (၂၀၈)စု			**ပျမ်းမျှအိမ်ထောင်စုဝင်ပေါင်း (၄)ဦး**		

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

မှတ်ချက်။ ။ အလုပ်လုပ်နိုင်သည့်ရာခိုင်နှုန်းသည် အမြင့်ဆုံးဖြစ်နေသည်။ လူငယ်အများစုသည် မိသားစုစားဝတ်နေရေးအတွက် ကြိုးစားနေသူများဖြစ်သလို အုပ်စုသုံးစုလောက်ခွဲပြီးရှိနေပါသည်။ တစ်ချို့သည် ရန်ကုန်မြို့ကြီးမှာသွားပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားအဖြစ်သွားကြသည်။ တစ်ချို့သည် လယ်ထဲ၌သာ အလုပ်ဖြင့်အချိန်ကုန်သည်။ တစ်ချို့သည် ဆိုင်ကယ်ကယ်ရီ (သို့) လက်လုပ်လက်စားများဖြင့် အလုပ်လုပ်ခြင်းဖြင့် ဝမ်းစာရှာနေကြသည်။ ပြည်ပနိုင်ငံတွေမှာ ငွေရှာထွက်သွားကြသည့် သူတွေက နည်းပါသည်။

၁.၂။ လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၇၇	၃၇%		အဓိကစပါးနှင့်ပဲများစိုက်ပျိုးကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၆၆	၃၂%		နွား (၁၉၃)ကောင် မွေးမြူကြသည် ဘဲ(၇၇၇)ကောင်အား (၅၁) အိမ်ထောင်စုမှပိုင်ဆိုင်ပြီး၊ ဘဲဥများကို ရောင်းဝယ်မှုပြုလုပ်ကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၅	ဝါးနှင့်ပတ်သက်သော လက်မှုလုပ်ငန်းများလုပ်ကိုင်သည်။

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁.၉%		အိမ်ဆောက်၊ပရိဘောဂများ ပြုလုပ်ကြသည်။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၁	
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း			၂	
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၄%		အဓိကစားကုန်ပစ္စည်းများ သာ ရောင်းသည်။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၅	
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊	၁	၀.၄၈%		ကျောင်းဆရာမ(၁) ဦး၊
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊	၅၀	၂၄%		အလုပ်အတည်တကျ မရှိသူများနှင့်လက်လုပ်လက်စားများပါဝင်သည်။ (မည်သည့်လုပ်ငန်းများလုပ်ကိုင်သည်ကို မမေးမြန်းခဲ့ပေ)
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၈-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ် တက်ဆင်း ကောက်ယူသည်။)

မှတ်ချက်။ ။ ကျေးရွာ၏အဓိကလုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်ပြီး လက်သမား၊ ပန်းရံဖြင့် အသက်မွေးဝမ်းကျောင်းလုပ်သူသည် အလွန်နည်းသော်လည်း သူတို့သည် တစ်ဖက်ကနေ လယ်ယာလည်းလုပ်သည်။ လက်လုပ်လက်စားများသောကြောင့် ရွာမိသားစုစားဝတ်နေရေးအတွက် ခက်ခဲသော ရွာတစ်ရွာဖြစ်ပြီး အကြွေးနှင့်သံသရာလည်နေကြသည်။

၁.၃။ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (ကောင်း/သင့်/ညံ့)	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၆၅၆	သင့်	မရှိ	မိုးရေ
ယာ	မရှိ	မရှိ	မရှိ	မရှိ
ဥယျာဉ်	၆	သင့်	မရှိ	မရှိ
အိမ်ခြံဝင်း စိုက်ခင်း	မရှိ	မရှိ	မရှိ	မရှိ
ရွှေပြောင်း	မရှိ	–	–	–
တောင်ယာ				
ကိုင်း/ကျွန်းမြေ	မရှိ	–	–	–
စားကျက်မြေ	မရှိ	–	–	–
ပလပ်မြေ	မရှိ	–	–	–
ဖုန်းဆိုးမြေ	မရှိ	–	–	–
အခြားသစ်တောမြေ	မရှိ	–	–	–
အခြား	မရှိ	–	–	–
စုစုပေါင်း	**၆၆၂**			

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ(၁၁/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အမျိုးသမီးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များထံမှ ကောက်ယူသည်။)

မှတ်ချက်။ ။ လယ်မြေဧက (၆၅၆) သည် အိမ်ထောင်စု (၇၇) အိမ်က ပိုင်ဆိုင်ကြသည်။ ကျပန်းလုပ်သားများသည် မြေပိုင်ရှင်များအပေါ်၌သာမှီခိုနေကြသည်။

၁.၃.၂။ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမှီ
		လက်လှမ်းမှီ
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)	(သင့်)	လွယ်

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ(၁၁/ဓ/၂၀၁၅) (ကျေးရွာရပ်မိရပ်ဖလူကြီးများထံမှကောက်ယူသည်။)

၁.၄။ ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၂၀)ဧကထက်	(၁၀)ဧကမှ(၁၉) ဧကအကြား	(၁)ဧကမှ(၉)ဧက ကြား	(မြေငှါး)ယာမဲ့
အိမ်အခြေအနေ	သွပ်မိုး၊ ပျဉ်ထောင် အိမ်	သွပ်မိုး၊ ပျဉ်ထောင် အိမ်	သွပ်မိုး၊ ထရံကာ အိမ်	ခနိမိုး၊ ထရံကာအိမ်
လုပ်ငန်းသုံးကိရိ ယာပိုင်ဆိုင်မှု	ချွေလှည့်စက်၊ ထွန် စက်၊ထော်လာဂျီ	ထော်လာဂျီ	မရှိ	မရှိ
ကုန်ထုတ်လုပ်မှု နှင့်မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ဖုန်း(၃)၊ တီဗွီ၊ ဈေးဆိုင်။	ဆိုင်ကယ်၊ ဖုန်း(၂)လုံး၊တီဗွီ	ဖုန်း၊စက်ဘီး	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု
စီးပွားရေးလုပ်ငန်း၊ တစ်နှစ်ဝင်ငွေ အခြားပိုင်ဆိုင်မှု	လယ်ယာ (၃၀)သိန်း နွား၊ဆိတ်၊ဝက်	လယ်ယာ (၂၆)သိန်း: နွား၊ဝက်	လက်လုပ် လက်စား (၁၀)သိန်း ဝက်	လက်လုပ်လက် စား ဝင်ငွေ(၂)သိန်း မရှိ
အိမ်ထောင်စု (၂၀၈)	**၁၅ (၇.၂၁%)**	**၂၂ (၁၀.၅၇%)**	**၁၂၅ (၆၀.၁%)**	**၄၆ (၂၂.၁၂%)**

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၁/၈/၂၀၁၅) (ကျေးရွာလူထုအားလုံး၏သဘောတူညီမှုများနှင့် ကောက်ယူသည်။)

မှတ်ချက်။ ။ (စီနှင့်ဒီ) အိမ်ထောင်စုများသည် ဆန်စပါးကိုလည်း မသိုလှောင်နိုင်သည့်အပြင် အကြွေးများသော အိမ်ထောင်စုများဖြစ်သည်။ တိရိစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်၍ (အေနှင့်ဘီ)များသည် အကောင်ရေအများကြီး ပိုင်ဆိုင်သော်လည်း (စီနှင့်ဒီ)များသည် အနည်းငယ်သာပိုင်ဆိုင်ပြီး တပိုင်တနိုင်သာ မွေးမြူကြသည်။ (ဒီ)အိမ်ထောင်စုများသည် များသောအားဖြင့် ကိုယ်ပိုင်အိမ်နှင့်ခြံ မရှိဘဲမိဘခြံဝင်းထဲတွင်ကပ်နေသူများ များသည်။

၁.၅။ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ

၁.၅.၁။ ဝမ်းစာဖူလုံမှု

ဇယား (၆) ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၂၂	၇၃%	နေ့စားကျပန်း၊ အကြွေးယူခြင်းဖြင့် ဖြေရှင်းကြသည်။ (လုပ်အား ကြိုတင် ရောင်းစား)
၃ လ နှင့် ၅ လ အထိ	၄	၁၃.၅%	နေ့စားကျပန်း၊ အကြွေးယူခြင်းဖြင့် ဖြေရှင်းကြသည်။ (လုပ်အား ကြိုတင် ရောင်းစား)
၆ လ မှ ၁၂ လ အထိ	၄	၁၃.၅%	နေ့စားကျပန်း၊ အကြွေးယူခြင်းဖြင့် ဖြေရှင်းကြသည်။ (လုပ်အား ကြိုတင် ရောင်းစား)

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

၁.၅.၂။ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုသော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၃	၁	၄
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	–	၃	၃
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၂	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၁၂	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ		၄	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၁/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အမျိုးသား /အမျိုးသမီး လူငယ်အဖွဲ့များထံမှ ကောက်ယူသည်။)

၁.၅.၃။ ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	သိုလှောင်စရာမရှိ၊အလုပ်ရှင်ထံငွေကြိုယူထားပြီး လုပ်အားနှင့်ပြန်ဆပ်။ (လက်လုပ်လက်စားများနေသောကြောင့် ဖြစ်သည်)
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	လတ်	ချောင်းရေ/ဆည်ရေမရှိ၊ စိုက်ပျိုးမြေသာရှိ။ ထပ်မံတိုးချဲ့ရန် မြေထပ်မရှိ တော့ပါ။
၃	ရေကြီးခြင်း	လတ်	မိုးတွင်း၌ စပါးခင်းများ ရေမြုပ်လျှင်ပျက်စီးလေ့အနည်းငယ်ရှိသည်။
၄	မိုးခေါင်ခြင်း	နိမ့်	မြန်မာနိုင်ငံအောက်ပိုင်းဒေသဖြစ်၍ မိုးများ လေ့ရှိသည်။
၅	မုန်တိုင်း	နိမ့်	နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသည်။ သို့သော် အမြဲဖြစ်ပွား လေ့မရှိ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၆	ငလျင်	နိမ့်	မရှိ
၇	မီးဘေး	နိမ့်	မီးဘေးကာကွယ်နည်းစနစ်များချမှတ်ထားကြသည်။
၈	ဆားငံရေဝင်မြေ	မရှိ	
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	ဓာတ်မြေဩဇာများ အသုံးပြုမှုများလာသဖြင့်၊ မြေဆီလွှာအနည်းငယ် ထိခိုက်ပျက်စီးလာသည်။ (ဥပမာ မြေကျွံခြင်း)
၁၀	သစ်တောပြုန်းတီးခြင်း	လတ်	မီးဖိုချောင်ထင်းသုံးအဖြစ်ခုတ်ယူသုံးစွဲမှု များ
၁၁	၄က်ဖျားရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတသိရှိလာပြီး ကူးစက်နှုန်းကျလာပြီဖြစ်ခြင်း။
၁၂	တီဘီရောဂါ	နိမ့်	သက်ကြီးရွယ်အိုများတွင်သာ အနည်းငယ်ရှိသေး။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	
၁၅	လူကုန်ကူးခြင်း	မရှိ	
၁၆	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်	နိမ့်	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

၁.၅.၄။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အလုပ်အကိုင်ရှာပါးပြီး နေရပ်စွန့်ခွါ အလုပ်လုပ်ကိုင်ခြင်း၊ ရန်ကုန်မြို့သို့ သွားရောက် လုပ်ကိုင်သူများလာသည်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	မိသားစုကိစ္စနှင့် စားဝတ်နေရေး တာဝန်ယူ နေရခြင်း၊ ဝင်ငွေရှာပေးနိုင်သောမိသားစုဝင်မရှိခြင်း။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	မြေယာမဲ့များအတွက် အခြားဝင်ငွေရ အလုပ်အကိုင် ရှားပါးခြင်း။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ	မရှိ	–
၅	မြစ်ကမ်းဘေးနေလူထု	မရှိ	
၆	မတော်မဆမှုဖြစ်နိုင်ခြေများသော နေ ရာ (Prone to accident)	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ(IDP)	မရှိ	–
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	–
၉	ငါးကန်ပိုင်ရှင်	မရှိ	–
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အခြားဝင်ငွေရ အလုပ်အကိုင်ရှားပါးခြင်း။ (လက်သမား၊ ပန်းရံ၊ ကယ်ရီ)၊ စပါးရိတ်သိမ်းချိန်၊ စိုက်ပျိုးချိန်နှင့် ပဲ ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်ရှိကြပြီး၊ ကျန်အချိန်များတွင် အလုပ်အကိုင် မရှိကြခြင်း၊ (တစ်နှစ်လျှင်အများဆုံး ၄ လအထိသာ)
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	မရှိ	
၁၃	နယ်စပ်ဒေသ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မရှိ	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	နိမ့်	ကျန်းမာရေးကာကွယ်နည်းနှင့်ပတ်သက်၍ ဗဟုသုတရှိခြင်း
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	ကျေးရွာအနီးနှင့် ရွာအတွင်းတွင်သာ သွားလာရောင်းချသဖြင့် ထိခိုက်မှုနိမ့်ပါး။
၁၈	ရွှေ့ပြောင်းလုပ်သားများ	မရှိ	
၁၉	ကားသမား	နိမ့်	
၂၀			

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ(၁၁/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ:နှင့် စီးပွါးအဆင့် –C–နှင့်' D–အဖွဲ့တွေမှ ကောက်ယူသည်။)

၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေများ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အမျိုးသား လူငယ်အဖွဲ့	၂	၃၀	–	၃၀	သာ/နာရေး/ ရပ်ရွာရေး	၄	သင့်
၂	အမျိုးသမီး လူငယ်အဖွဲ့	၂	–	၂၅	၂၅	ကျန်းမာရေး	၄	သင့်
၃	မိခင်နှင့်ကလေး အဖွဲ့	၂	–	၂၅	၂၅	မိခင်နှင့်ကလေး ကျန်းမာရေး	၄	သင့်
၄	အရံမီးသတ်	၂	၆	–	၆	ရပ်ရွာ လုံခြုံရေး	၄	သင့်
၅	လမ်းကော်မတီ	၂	၃	၂	၅	လမ်းကောင်း မွန်ရေး		သင့်
၆	နာရေးကူညီမှု အဖွဲ့	၂	၁၀	–	၁၀	ဘာသာရေး/ နာရေး		ကောင်း

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၁/၈/၂၀၁၅) (ရပ်မိရပ်ဖ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကောက်ယူသည်။)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့များ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၂။ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

၂.၂.၁။ စိုက်ပျိုးရေးသီးနှံ

၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၄	၆၄.၄%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက် (၁ ဟတ်တာထိ)	၂၂	၁၀.၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ)	၁၄	၆.၂၇%	တောင်သူငယ်
၄	၅ ဧကမှ-၁၂.၅ ဧကကြား (၂-၅ ဟတ်တာထိ)	၂၁	၁၀.၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ ဟတ်တာနှင့် အထက်)	၁၇	၈.၂%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၂၀၈**	**၁၀၀ %**	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိ သတင်း အချက်အလက်များ(၁၁/၈/၂၀၁၅)

၂.၂.၁.၂။ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်(ကန်)	–	–	
၂	ရေလွှဲဆည်	–	–	
၃	မြစ်ရေတင်စီမံကိန်း	–	–	
၄	ဆည်မြောင်း	–	–	
၅	အဝီစိတွင်း	–	–	

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ကေ	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၆	လက်ငင် ရေတွင်း	ပုဂ္ဂလိက	၁	ရာသီအလိုက်
၇	မိုးရေ		၆၅၆	မိုးတွင်း

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ် တက်ဆင်း ကောက်ယူသည်။)

၂.၂.၁.၃။ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဇကေ	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျှမ်းမျှ				
စပါး	၆၅၀	တင်း	၅၀	၆၀	၅၀	၃.၅လ	လတ်	လတ်	မိုးစပါး
ပဲ	၃၄၅	တင်း	၈	၁၅	၁၂	၃လ	လတ်	လတ်	ကျေးရွာ အတွင်း သယ်ယူ ပို့ဆောင် အနည်းငယ် ခက်ခဲ (မြေသားလမ်းရှုံ့နွံထူ ထပ်သော ကြောင့်)

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၀-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ် တက်ဆင်း ကောက်ယူသည်။)

၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ (လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၂	–	ကောင်း (အိမ်ထောင်စု၂ စုမှ ပိုင်ဆိုင်သည်)
ရိတ်သိမ်းစက် (Combine Harvester)	၁	–	ကောင်း (ချမ်းသာသော အိမ်ထောင်စုမှ ပိုင်ဆိုင်သည်။) စပါးရိတ်သိမ်းရာတွင်အသုံးပြုသည်။

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၅	–	ကောင်း (အိမ်ထောင်စု ၅ စုမှ ပိုင်ဆိုင်ကြ သည်)။ မိုးစပါးတွင်အသုံးပြုကြသည်။
ခြွေလှေ့စက်	၁	–	ကောင်း
ရေစုပ်စက်	၆	–	ကောင်း
ခြေနင်းရေတင်စက်	–	–	
မျိုးစေ့ချစက်	–	–	
မြက်ရိတ်စက်	–	–	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၈-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ် တက်ဆင်း ကောက်ယူသည်။)

၂.၂.၁.၅။ သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ သြဇာ)	ရှိ	မြေဆီလွှာကောင်း၊ တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးနိုင်သည်။
ရေအရင်းအမြစ်	မရှိ	မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးကြသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	နွားချေးအနည်းငယ်အား လယ်မြေတွင် ပြန်လည်အသုံးပြုကြသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	ရှိ	မြန်မာ့စိုက်ပျိုးရေးဘဏ်မှ တောင်သူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးသည်။ ပွဲရုံများထံမှ ကြိုတင်ငွေအနေဖြင့် ထုတ်ယူနိုင်သည်။
သွင်းအားစုဈေးကွက်	ရှိ	ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များ ခရမ်းမြို့ မှ လွယ်ကူစွာရရှိနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	စိုက်ပျိုးရေးဆေးဆိုင်များ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် စိုက်ပျိုးရေးဌါနများမှ ပိုးမွှားရောဂါ ကာကွယ်နှိမ်နှင်းနည်းနှင့်ပတ်သက်သော သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စံပြစိုက်ကွက်များ ပြုလုပ်ခြင်းဖြင့် နည်းပညာ ဝန်ဆောင်မှုများပေးသည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ထုတ်လုပ်မှုစွေးကွက်နှင့် ကုန်သွယ်မှု	ရှိ	ပွဲစားများထံ အလွယ်တကူရောင်းချနိုင်သကဲ့သို့၊ ခရမ်း မြို့ရှိပွဲရုံများထံတွင်လည်း လွယ်ကူစွာရောင်းချနိုင် သည်။
အခြား(၁)	–	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသတင်း အချက်အလက်များ (၁၈-၁၂/၈/၂၀၁၅) (ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်အိမ် တက်ဆင်း ကောက်ယူသည်။)

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	မရှိ	
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	မရှိ	
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ကျွမ်းကျင်လုပ်သားများသည် လုပ်အားခပိုများသောအခြား လုပ်ငန်းများသို့ ပြောင်းရွှေ့သွားခြင်း။
ဆည်မြောင်းရေရရှိမှု	မရှိ	
မိုးရေမလုံလောက်မှု	မရှိ	
